**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.com

## ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ဖွဲ့စည်းမှုနှင့်ပတ်သက်သည့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှပေးပို့သော သဝဏ်လွှာ

၂၀၂၃ ခုနှစ် ဇွန်လ (၁၅) ရက်

၂၀၂၃ ခုနှစ် ဇွန်လ(၁၂) ရက်နေ့တွင် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (Interim Executive Council of Karenni State) ဖွဲ့စည်းကြောင်း ကြေငြာမှုအပေါ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် လှိုက်လှဲစွာ ကြိုဆိုပါသည်။ ပြည်နယ် အုပ်ချုပ်စီမံခန့်ခွဲမှု အခွင့်အာဏာသည် ပြည်နယ်သူပြည်နယ်သားများ၏ လက်ဝယ် တည်ရှိသည့် ဖက်ဒရယ်အနှစ်သာရကို ဖော်ဆောင်ခြင်း၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ မိမိကြမ္မာ မိမိဖန်တီးနိုင်ရေးကို လက်တွေ့ကျင့်သုံးသော ခြေလှမ်းအဖြစ်ရှုမြင်ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေးအရ အခြေခံအုတ်မြစ်ကောင်းတခုကို ချမှတ်လိုက်သည့် အစပြု ခြေလှမ်းလည်းဖြစ်သည်ဟု ကေအဲန်ယူ -ကရင်အမျိုးသားအစည်းအရုံးက ယုံကြည်ပါသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (Karenni National Progressive Party) က ဦးဆောင်ပြီး ကရင်နီပြည် အတွင်းရှိ မျိုးနွယ်စုနှင့် ဘာသာ အယူဝါဒ စုံလင်ကွဲပြားမှုများစွာရှိနေသော ကရင်နီပြည်သူလူထုတို့နှင့် ဆွေးနွေး ညှိနိုင်းပြီး ဘုံသဘောထားရယူ စုစည်းကာ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းလိုက်ခြင်း အတွက် KNU က ဝမ်းသာဂုဏ်ယူပါကြောင်း သိစေအပ်ပါသည်။

စစ်တပ်၏ ကရင်နီပြည်သူလူထုကို ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် ယိုယွင်းပျက်ဆီးနေသည့် အုပ်ချုပ်ရေးကို အစားထိုးနိုင်ရန်ဖြစ်သလို တရားစီရင်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများနှင့်တွဲဖက်ပြီး နိုင်ငံရေးပြောင်းလည်းမှု က ဖြစ်ပေါ်လာနိုင်သော အာဏာလေဟာနယ်ကို အစားထိုးရေးအတွက် အမြင်ကျယ်ကျယ်ဖြင့် ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်သည်ဟု KNU က ယုံကြည်ပြီး အခြားဖက်ဒရယ်ယူနစ်များနှင့်အတူ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ကို တည်ဆောက်နိုင်ပါစေကြောင်း ဆန္ဒပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဗဟိုဌာနချုပ်